# (ရှမ်းပြည်နယ်တောင်ပိုင်း ဆီဆိုင်မြို့) ဆီဆိုင် တပ်သိမ်းမြေ ကိစ္စအပေါ် ပအိုဝ်းအရပ်ဖက်များ နှင့် မိတ်ဖက် အရပ်ဖက် လူမှုအဖွဲ့အစည်းများ၏ သဘောထား ထုတ်ပြန်ချက်

၂၀၂၀ခုနှစ် ဇွန်လ (၃) ရက်

ဆီဆိုင်မြို့၊ ပင်စုံကျေးရွာ အုပ်စု နှင့် နောင်ကျောကျေးရွာအုပ်စု တွင် ခမရ ၄၂၃/၄၂၄ တပ်ရင်းများမှ ဒေသခံ တောင်သူလယ်သမားများထံ စိုက်ပျိုးမြေ၊ မြေယာ အဝမ္မ သိမ်းဆည်းခြင်း၊ လယ်သမားများ စိုက်ပျိုးထားသည့် အပင်များ ဖျက်ဆီးခြင်း၊ တောင်သူလယ်သမားများအား တရားစွဲဆိုခြင်း၊ ခြိမ်းခြောက်ခြင်းများ၊ တောင်သူများ၏ စိုက်ပျိုးရေးထွန်စက်များ သိမ်းယူခြင်း၊ တပ်သိမ်းမြေစာရင်းများ ပွင့်လင်းစွာချပြမှုမရှိခြင်း နှင့် တပ်ရင်းအတွက်လိုအပ်ပမာဏထက် ပိုမိုမြေသိမ်းထားပြီး အသုံးမပြုခြင်း၊ သတ်မှတ်ကာလတွင် စီမံကိန်းအကောင်အထည်မဖော်ထားခြင်းနှင့် ဥပဒေနှင့်မညီသော မြေအငှားချစားခြင်းများ အပေါ် မိမိတို့ အရပ်ဖက် လူမှု အဖွဲ့အစည်းများမှ သိရှိရပါသဖြင့် ပြည်သူတစ်ရပ်လုံးအကျိုးကို ရှေးရှုကာ ဤကဲ့သို့ ပူးတွဲသဘောထားထုတ်ပြန်လိုက်သည်။

လက်ရှိ Covid 19 ကပ်ရောဂါ ကာလတွင် စီးပွားရေး အကြပ်အတည်း အခြေအနေအမျိုးမျိုးများကြောင့် တောင်သူလယ်သမားများ စားဝတ်နေရေးအတွက် ခက်ခဲစွာ ရင်ဆိုင်နေရသည့် အချိန်ကာလလည်း ဖြစ်နေပေသည်။ မိမိတို့၏ တောင်ယာခြံသို့ ဂမ်းရေး အတွက် အရေးတကြီး စိုက်ပျိုးရမည့် အချိန်ကာလ လည်းဖြစ်နေသောကြောင့် စိုက်ပျိုးရေးများအတွက် မျိုးစေ့များ၊ ကြိုတင်ငွေများ သိန်းပေါင်းများစွာ အကြွေးဖြင့် ယူထားပြီးဖြစ်ပါသည်။ ထိုသို့ အကြပ်အတည်းကာလတွင် တပ်မတော်မှ မြေယာ သိမ်းဆည်းမှုများ လုပ်ဆောင်လျက် ရှိပြီး ယခင် ဘိုးဘွားစဉ်ဆက်က ဓလေ့ထုံးတမ်းအရ တောင်သူများ စိုက်ပျိုးလာသည့် မြေများအား အသိအမှတ်မပြုပဲ တပ်ပိုင်မြေဟု ပုံစံအမျိုးမျိုးဖြင့် ပုံဖော်လာခဲ့သည်။ ဒေသခံ လူထုများနှင့် ရာချီသော တောင်သူများ သဘောထားမှာ မိမိတို့ဘိုးဘွားစဉ်ဆက် လုပ်ကိုင်လာခဲ့သော မိမိတို့မြေယာများ ပြန်လည်ရရှိရန် ဆန္ဒထုတ်ဖော်မှုများလည်း ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

ယခင် တပ်မတော် တပ်ရင်း မရောက်ရှိခင်ကာလတွင် ဒေသခံတောင်သူများမှ ဓလေ့ထုံးတမ်းအစဉ်အလာအရ စိုက်ပျိုးရေးလုပ်ငန်း အမျိုးမျိုးအား တည်ငြိမ်အေးချမ်းစွာ လုပ်ကိုင်စားသောက်လျက် ရှိနေခဲ့ကြပါသည်။ ၁၉၉၂ ခုနှစ် စစ်တပ်ရောက်ရှိလာပြီး နောက်ပိုင်း တပ်မတော် တပ်ရင်းများမှ လမ်းအရှေ့ဘက်သို့ နေရာ အခြေကုတ်ယူခဲ့ပါသည်။ ထို့နောက် စစ်တပ်မှ လမ်းနောက်ဘက်သို့ ထပ်မံနေရာခြေကုတ် ပြန်ယူပြီး တပ်ရင်း တည်ထောင်ခဲ့သည်။ တပ်မတော် ရောက်ရှိလာပြီးသည့် နောက်ပိုင်း စစ်တပ်အတွက် လိုအပ်သော တပ်တည်ဆောက်ရေး၊ ရေ နှင့် ရိက္ခာများအား ဒေသခံလူထုများမှ ကူညီထောက်ပံ့ပေးခဲ့ရသည်။ စစ်တပ်ရောက်ရှိလာပြီး နောက်ပိုင်း လူ့အခွင့်အရေး ချိုးဖောက်မှုများ အပါအဝင် ရွာများ ပြောင်းရွှေ့ခံခဲ့ရမှုများလည်း ကြုံခဲ့ရပြီးဖြစ်သည်။ ထိုသို့ ယခုလက်ရှိ တည်ဆောက်ထားသော ခမရ ၄၂၃/၄၂၄ တပ်ရင်း မြေနေရာများအား ပထမအကြိမ် သိမ်းယူခဲ့စဉ်ကလည်းဒေသခံတောင်သူများမှ နားလည်ပေးခဲ့ပြီးဖြစ်ပြီး ယခု တရားမဝင် သိမ်းဆည်း ဧက မှာ ၂၀၄၈.၄ ဧကဖြစ်သည်။  ယခုအခါ ဒေသခံတောင်သူများမှ နှစ်စဉ်မိမိလက်ရှိစိုက်ပျိုး လုပ်ကိုင်လာသော မြေနေရာများအား ထပ်မံအသိမ်းခံလာရသည်ကို တွေ့မြင် သိရှိရသည့်အတွက် တောင်သူများကိုယ်စား အလွန်ပင် ဂမ်းနည်းသနားညှာသာမိပါသည်။

ထိုသို့ ထပ်မံသိမ်းယူလာရာတွင်လည်း မြေယာဥပဒေအရ စနစ်တကျ သိမ်းယူထားခြင်းများ မရှိသကဲ့သို့ မြေသိမ်း မြေလွဲမိန့်စာရင်းများလည်း ပွင့်လင်းစွာချပြခြင်းမရှိသည့်အပြင် ၄င်းမြေများသည် တောင်သူလယ်သမားများ နှစ်စဉ်

စိုက်ပျိုးလျက် ရှိနေသည်။ လက်ရှိ မြေသိမ်းဥပဒေ၏ သိမ်းဆည်းမြေများ လုပ်ထုံးလုပ်နည်းနှင့်လည်း ကိုက်ညီမှု မရှိပါ။ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်မှ အသုံးအပြုသည့်မြေများ ပြန်လည်စွန့်လွှတ်ရန် ညွှန်ကြားထားပြီးဖြစ်သလို လက်တွေ့မြေမြင်တွင် လုံး၀ အသုံးမပြုသည်ကို တွေ့နေရသည့်အပြင် စာရင်း နှင့် လက်တွေ့မြေပြင်လွဲချော်မှုများ ရှိနေသည်။ တပ်တည်ဆောင်ခြင်း သည်လည်း ဒေသအတွက် လုံး၀ အကျိုးမရှိသည်ကို တွေ့ရှိရသည်။ ယခုနှစ်တွင်လည်း တောင်သူများမှ နှစ်စဉ် အမြဲလိုပင် အစိုးရထံမှ ငွေချေးငှားကာ စိုက်ပျိုးနေရသည့်အတွက် စိုက်ပျိုးခွင့်မရပါက အကြွေးနွံနစ်ပြီး နောက်ဆက်တွဲ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး နှင့် ဘ၀ ပျက်စီးစေနိုင်မည့် အပြင် လယ်ယာမဲ့ဘဝသို့ တွန်းပို့နေသကဲ့သို့ဖြစ်နေသည်။

ဒီမိုကရေစီ ကြိုးပမ်းစဉ်ကာလ၊ ငြိမ်းချမ်းရေးတည်ဆောက်စဉ်ကာလ တွင် ယခုကဲ့သို့ လုပ်ရပ်များ လုပ်ဆောင်ခြင်းသည် ဥပဒေ လုပ်ထုံးလုပ်နည်းများ နှင့် မညီသည့်အပြင် စစ်အာဏာရှင် စနစ်ဆိုး အသက်သွင်းနေသလိုဖြစ်နေပြီး ဥပဒေ မသိနားမလည်သော တောင်သူများအား ဖိနှိပ်နေသလို လူထုအတွက် ၀န်ထုပ်ဝန်ပိုးဖြစ်နေသည်။ ၁၉၉၁ ခုနှစ်တွင် လက်နက် နှင့် ငြိမ်းချမ်းရေး လဲလှယ်ခဲ့သော ပအိုဝ်းအမျိုးသား အဖွဲ့ချုပ် Pa-O National Organization (PNO) သည်လည်းကောင်း ၊ ၂၀၁၃ ခုနှစ်တွင်လည်း ပြည်နယ်အဆင့်၊ ပြည်ထောင်စု အဆင့် အပစအခတ် ရပ်ဆဲရေး သဘောတူ စာချုပ်များမှ တဆင့် တနိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူ စာချုပ် Nationwide Ceasefire Agreement (NCA) ကို ပြည်ထောင်စု သမ္မတနိုင်ငံတော် အစိုးရ (လွှတ်တော်၊ တပ်မတော်) နှင့် လက်မှတ် ထိုး၍ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်နေသော ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် Pa-O National Liberation Organization (PNLO) သည်လည်းကောင်း အသီးသီး ချုပ်ဆိုခဲ့ပြီးသော်လည်း အောက်ခြေ တပ်မတော် တပ်ရင်း၏ လုပ်ရပ်များသည် NCA စာချုပ် ဂတိဂ၀တ် နှင့် လွဲချော်နေပြီး  တောင်သူလယ်သမားများ၏ ဘဝကို အကာအကွယ် မပြုသည့်အပြင် ဖျက်စီးရာရောက်နေပြီး အမျိုးသား သင့်မြတ်ရေး နှင့် ငြိမ်းချမ်းရေးကိုလည်း ထိခိုက်လာစေနိုင်သည်ကို မိမိတို့ လူမှုအဖွဲ့အစည်းများအနေဖြင့် ရှုမြင်မိသည်။

မြေသည် တောင်သူများ၏ အသက် နှင့် ငြိမ်းချမ်းရေး ဖြစ်သည်။ မြေမရှိပါက တောင်သူများ ဘဝ ရပ်တည်၍ မရနိုင်ပါ။ တောင်သူ လူထုများအား ကောင်းမွန်သော ဥပဒေ နှင့် လုပ်ဆောင်ချက်များဖြင့် အခွင့်အရေးကာကွယ်ပေးခြင်းသည် တိုင်းပြည်၏ ပစ္စုပ္ပန် နှင့် အနာဂတ်အတွက် အကာအကွယ်ပေးခြင်း၊ ငြိမ်းချမ်းရေး နှင့် ကောင်းမွန်သော ဖက်ဒရယ် နှင့် ဒီမိုကရေစီ စနစ် တည်ဆောက်ခြင်းသာဖြစ်သည်။ မိမိတို့ အရပ်ဖက် အဖွဲ့အစည်းများသည် လူထုများ မတရားသဖြင့် ရင်ဆိုင်ခံစားနေရသည့် လူထု နှင့် တောင်သူလယ်သမားများအတွက် အဓိက ဝိုင်းဝန်းရပ်တည်ပြီး ချိတ်ဆက်လုပ်ဆောင်သွားကြမည်ဖြစ်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ထို့ကြောင့် မိမိတို့ အနေဖြင့် တောင်းဆိုလိုသည်မှာ**

**(က) တပ်မတော်**

(၁) စစ်တပ်မှ သိမ်းဆည်းထားသော မြေများနှင့် အကောင်အထည်ဖော်ထားခြင်းမရှိသော မြေများအား မူလလုပ်ပိုင်ခွင့်တောင်သူများနှင့် လက်ရှိလက်ငုပ်လုပ်ကိုင်နေသော တောင်သူလယ်သမားများထံ ချွင်းချက်မရှိ တရားဝင် ပြန်လည်စွန့်လွှတ် အပ်နှင်းရန်။

(၂) တိုင်းရင်းသား ပြည်သူလူထုများ လက်တွေ့ ကျင့်သုံးနေသော ဓလေ့ထုံးတမ်းမြေယာ စနစ်ကို အသိအမှတ်ပြုရန် နှင့် ပိုင်ဆိုင်ခွင့်၊ စီမံခွင့်အား လေးစားရန်။

(၃) မြေယာများသိမ်းယူထားသော သက်ဆိုင်ရာ တပ်ရင်းဌာနများအနေဖြင့် မြေသိမ်းခြင်း၊လျော်ကြေးနစ်နာကြေးပေးခြင်း၊ အကောင်အထည်ဖော်ထားခြင်းမရှိသော မြေနေရာများအား ဥပဒေအညီ မူလလုပ်ပိုင်ခွင့်ရ တောင်သူများအား ပြန်လည်စွန့်လွှတ်ပေးခြင်း စသည့် တည်ဆဲမြေယာဥပဒေများပါ ပြဌာန်းချက်များအား လေးစားလိုက်နာပေးရန်။

---

## (ခ) NLD အစိုးရ

(၁) တပ်သိမ်းမြေကိစ္စ နှင့် စပ်လျဥ်း၍ တရားဥပဒေအတိုင်း လူထု၊ တောင်သူလယ်သမားများအခွင့်အရေး မရှုံးဆုံးစေရေးအတွက် သက်ဆိုင်ရာ မြေယာကော်မတီ၊ ကော်မရှင် နှင့် မြေယာစီမံခန့်ခွဲရေးအဖွဲ့ အဆင့်ဆင့်များ အနေဖြင့် ကွင်းဆင်း စစ်ဆေးမှုများ အမြန်ဆုံး ဆောင်ရွက်ပြီး ဒေသခံ လူထုများအား မြေယာပိုင်ဆိုင်ခွင့်၊ တရားဝင်မြေယာလုပ်ပိုင်ခွင့်နှင့် နှင့် လျော်ကြေးနစ်နာကြေးများ ရပိုင်ခွင့်တို့အား အမြန်ဆုံး တရားဝင် ကူညီဆောင်ရွက်ပေးရန်။

(၂) နိုင်ငံတော်ရှိ ဆင်းရဲမွဲတေမှု ပပျောက်ရေး၊ တောင်သူလယ်သမား အကျိုးစီးပွားမြင့်တင့်ရေး စသည့်မူဂါဒလမ်းညွှန်ချက်များ နှင့် ဥပဒေများအရ တောင်သူများ၏ လက်ရှိတပ်သိမ်းမြေများကြောင့် ကြွေးမြီများ၊ နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်လာမှုအပေါ် တရားမျှတမှုများ အမြန်ဆုံးရရှိရန် တာဝန်ယူကူညီ ဆောင်ရွက်ပေးရန်

(၃) ယခုကာလ မိုးဦးကျတွင်တောင်သူများအား အချိန်မှီ စိုက်ပျိုးခွင့်ရရှိရေး နှင့်ဒေသအလိုက် ဓလေ့ထုံးတမ်း ကိုအခြေခံ၍ တောင်သူများ မြေပိုင်ဆိုင်ခွင့် နှင့်လွတ်လပ်စွာ စိုက်ပျိုးခွင့် ရရှိရန် အမြန်ဆုံး ကူညီဆောင်ရွက်ပေးရန်။

## (ဂ) ပအိုဝ်းအမျိုးသားရေး၊ နိုင်ငံရေး ခေါင်းဆောင်များ

(၁) လက်ရှိဖြစ်ပေါ်နေသော မြေကိစ္စရပ်များအပေါ် ရေတို၊ ရေလတ်၊ ရေရှည် မူဝါဒ နှင့် လုပ်ငန်းစဥ်များ ပူးပေါင်းချမှတ်ကာ အပြုသဘောဆောင်၍ ဒေသခံပြည်သူများ အကျိုးအတွက် ရေ့ရှုကာ ညှိနှိုင်းတိုင်ပင်မှုများ အမြန်ဆုံး ဖြေရှင်းဆောင်ရွက်ပေးရန်။

(၂) တောင်သူလယ်သမားများ လူထုများ၏ မြေယာ အခွင့်အရေး မဆုံးရှုံးစေရေး အခြေခံ၍ အောက်ခြေမှ အထက်ခေါင်းဆောင်များသို့ အဆင့်ဆင့် စည်းရုံးလှုံ့ဆော်မှုများပြုလုပ်ပေးနိုင်ရန်နှင့် ရေရှည်အတွက် တောင်သူအကျိုးပြု **ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြေယာမူဂါဒ လမ်းညွှန်ချက်ကောင်းများ ပေါ်ထွန်းလာစေရေး အားထုတ်ပေးရန်။**

(၃) ငြိမ်းချမ်းရေး လမ်းစဉ် နှင့် လွှတ်တော် လမ်းကြောင်းများတွင် လူထုများ လက်တွေ့ရင်ဆိုင်နေရသော မြေကိစ္စရပ်များအား ကိုယ်စားပြုမှု ခိုင်မာစွာဖြင့် အနာဂါတ် ဖက်ဒရယ်မြေစနစ်ပေါ်ထွန်းစေရေး ထိရောက်စွာ ဆွေးနွေးအဖြေရှာရန်။

## ဆက်သွယ်ရန်

(၁) နန်းဘို   ၀၉၇-၈၈၇-၄၂၄-၁၁

(၂) ခွန်ကျော်နိုင် ၀၉၇-၇၉၄-၄၉၄-၅၆

(၃) ခွန်ခေတ်စံ ၀၉၉-၆၀၈-၀၈၉-၇၇

(၄) ခွန်ဦး ၀၉၇-၆၅၆-၀၀၈-၁၂

(၅) ခွန်ဇော် ၀၉၄-၂၈၃-၄၉၅-၀၇

## ထောက်ခံသည့် အဖွဲ့အစည်းများ

(၁) Pa-O Women Union (PWU) ပအိုဝ်းအမျိုးသမီး သမဂ္ဂ

(၂) Democracy for Ethnic Minorities Organization (DEMO)

(၃) Taunggyi Youth Center

(၄) Pa-O Youth Organization (PYO) ပအိုဝ်းလူငယ်အစည်းအရုံး

(၅) Kaung Rwai Social Justice and Development Organization (Kaung Rwai)

(၆) Shan State Peace Task Force (ရှမ်းပြည်နယ် ငြိမ်းချမ်းရေး အလုပ်အဖွဲ့)

(၇) Peace World Gender Organization

(၈) တောင်ရိုး လူငယ်ကွန်ယက် (ရှမ်းတောင်)

(၉) Farmers And Landworkers Union (Myanmar)

(၁၀) ကျွန်းတထောင်မြေ ဖောင်ဒေးရှင်း

(၁၁) Green Rights Organization

(၁၂) NeT Organization

(၁၃) Youth Circle

(၁၄) National Ethnic Youth Alliance (NEYA)

(၁၅) Educational Initiatives (EI)

(၁၆) Pa-O Health Working Committee (PHWC)

(၁၇) Pa-O National Youth Conference

(၁၈) Student and Youth Congress of Burma (SYCB)

(၁၉) Karen Youth Organization

(၂၀) Zomi Student and Youth Organization

(၂၁) Kayan New Generation Youth

(၂၂) Kuki Student's Democratic Front

(၂၃) All Arakan Students' and Youths' Congress (AASYC)

(၂၄) All Burma Students' Democratic Front

(၂၅) Mon Youth Progressive Organization

(၂၆) Pa-O farmer Development Union (PFDU)

(၂၇) Shan State Ethnic Youth Federation (SSEYF)

(၂၈) Wan Lark Development Foundation

(၂၉) Social Program Aid for Civic Education (SPACE)

(၃၀) Peace working committee

(၃၁) Peasant legal Aid Network (PLAN)

(၃၂) Kachin Youth Organization (KYO) (Shan State)

(၃၃) Action Group for Resource Accountability in Myanmar (AGRAM)

(၃၄) Arakan Oil Watch (AoW)

(၃၅) Bridging Rural Integrated Development Grassroots Empowerment (BRIDGE)

(၃၆) Kachin Development Networking Group (KDNG)

(၃၇) Human Rights Foundation of Mon Land (HURFOM)

(၃၈) Karen Environmental and Social Action Network (KESAN)

(၃၉) Karenni Evergreen (KEG)

(၄၀) Kayah Earthrights Action Network (KEAN)

(၄၁) Kuki Women's Human Rights organization (KWHRO)

(၄၂) Kyauk Phyu Rural Development Association (KRDA)

(၄၃) Lahu Development Network (LDN)

(၄၄) Lahu National Development Organization (LNDO)

(၄၅) Mungchying Rawt Jat (MRJ)

(၄၆) Network for Environmental and Economic Development (NEED)

(၄၇) Shan Sapawa Environmental Organization (Sapawa)

(၄၈) Shan State Farmers Network (SSFN)

(၄၉) Tarkapaw Youth Group (TKP)

(၅၀) Tavoyan Women’s Union (TWU)

(၅၁) Inntha Ethnic Youths Network

(၅၂) SaNar (စာနာ အဖွဲ့)

(၅၃) Badeidha Moe Civil Society Organization

(၅၄) သံဖြူဇရပ် မြို့နယ်လုံးဆိုင်ရာ မွန်လူငယ်အဖွဲ့အစည်း

(၅၅) Citizen’s Action for Transparency

(၅၆) အားသစ်ရောင်ခြည် အဖွဲ့ (ရန်ကုန်)

(၅၇) Alinsaetamarn Library & Resource Center

(၅၈) Kadu youth Development Association

(၅၉) Burma Environmental Working Group (BEWG)

(၆၀) ဒို့မြေကွန်ယက် Land in Our Hand (LIOH)

(၆၁) Myanmar People Alliance

(၆၂) MATA (စစ်ကိုင်းတိုင်း)

(၆၃) Civic Call (စစ်ကိုင်းတိုင်း)

(၆၄) လောကပါလတရား မြှင့်တင်ရေး ကွန်ယက် (တ/ဒဂုံ)

(၆၅) Myanmar Cultural Research Society (MCRS)

(၆၆) သူရိယ စန္ဒာ

(၆၇) S & K Mining Watch

(၆၈) ထီးချိုင့် ကွန်ယက်

(၆၉) Future Young Pioneer Organization (FYPO)

(၇၀) မြေယာနှင့် ပတ်ဂန်းကျင် ထိန်းသိမ်းရေး အဖွဲ့ (ကွတ်ခိုင်မြို့နယ်) (LEO)

(၇၁) နောင်ချို တောင်သူလယ်သမား သမဂ္ဂ

(၇၂) Halcyon လူငယ် အစည်းအရုံး (ပဲခူး)

(၇၃) Pyi Tharyar Local Women Department Group

(၇၄) မှုဝေရာ Sharing

(၇၅) လူငယ်စင်တာ (မင်းလှ)

(၇၆) 88 ငြိမ်းပွင့် (သီပေါ)

(၇၇) ပွင့်ဖြူ လယ်ယာမြေ ကွန်ရက်

(၇၈) True Friends

(၇၉) Mon Land Policy Affairs Committee

(၈၀) တောင်သူလယ်သမားများနှင့် မြေယာလုပ်သားများ သမဂ္ဂ (မြိတ်ခရိုင်)

(၈၁) Our Lovely World (ဒို့ချစ်တဲ့ကမ္ဘာ)

(၈၂) Legal Aid for Human Rights

(၈၃) သံလွင်သားချင်းများ အဖွဲ့

(၈၄) Mong Pan Youth Association

(၈၅) Nam Khone Alumni Network

(၈၆) MATA (Shan)

(၈၇) ရွှေမင်းသား ဖောင်ဒေးရှင်း

(၈၈) ဧရာဝတီ လူငယ် ကွန်ရက်

(၈၉) Social Alliance

(၉၀) Mon Area Community Development Organization (မယ်ကဒူ)

(၉၁) Southern Youth Group

(၉၂) MATA-Ayeyarwaddy Working Group

(၉၃) Ayeyarwaddy Transparency and Accountability Association (ATAA)

(၉၄) Ah Bring Bon (Kayin)

(၉၅) Green Youth (Hinthada)

(၉၆) Development Network Hinthada (DNH)

(၉၇) ရွှေအင်းသား မသန်စွမ်းသူများအသင်း

(၉၈) ရွှေပုသိမ် (ပုသိမ်ကြီး) မသန်စွမ်းအသင်း

(၉၉) Arakan Rivers Network (ARN)

(၁၀၀) Dragon Youth Network (ကရင်ပြည်နယ်)

(၁၀၁) Shan State Women Entrepreneurship Development (SSWED)

(၁၀၂) Zalae Youth Network

(၁၀၃) ကမ်းလက် မေတ္တာ (Kanlat Metta)

(၁၀၄) Shan State Women Development Organization (SSWDO)

(၁၀၅) Southern Shan State Women Organizations Network (SSSWON)

(၁၀၆) Peace and Rule of Law Acceleration Network (PRLAN)

(၁၀၇) Women Power Club (WPC)

(၁၀၈) Free Volunteer Society

(၁၀၉) Action Group for Farmers Affair (AGFA) (Bago and Mandalay)

(၁၁၀) Freeland (Lasho)

(၁၁၁) Community Development Network (CDN)

(၁၁၂) Oway Education and Youth institute

(၁၁၃) Future Light Center

(၁၁၄) Ta’ang Students and Youth Union (TSYU)

(၁၁၅) Women League of Burma (WLB)

(၁၁၆) ခွန်တန်နွယ် ပအိုဝ်းလူငယ် ကွန်ယက်

(၁၁၇) Green Youth (Hpa-an)

(၁၁၈) MATA (Kareeni)

(၁၁၉) karenni State Farmers Union

(၁၂၀) Karenni Environment Action Network

(၁၂၁) Karenni State Student Union

(၁၂၂) Pace on Peaceful Pluralism (PoPP)

(၁၂၃) Heartland Foundation

(၁၂၄) Justice Society

(၁၂၅) Progressive Voice (ရှေ့ပြေး အသံ အဖွဲ့)

(၁၂၆) Saytana Shaesaung Youth Organization

(၁၂၇) Young Ni Oo Social Development Organization

(၁၂၈) Young Ni Oo Women Group

(၁၂၉) Muditar Organization

(၁၃၀) Paungsee Myittar Organization

(၁၃၁) Pone Yate Sit Regional Development Orgalization

(၁၃၂) Rural Social Development Organization

(၁၃၃) Future Star Youth Organization

(၁၃၄) Lin lake Kyal Social Development Organization

(၁၃၅) Dama Ahlin Social Development Organization

(၁၃၆) Child Prevention Network

(၁၃၇) May Doe Arrman Women Development Organization

(၁၃၈) SarPhyu Famar Network

(၁၃၉) Pan Tain Shin Women Rural Development Orgalization

(၁၄၀) Sarnar Kyi Phyu Social Development Organization

(၁၄၁) Gayunarshin Social Development Organization

(၁၄၂) Shwe Thinkha Social Development Organization

(၁၄၃) CommunityAssociation Develovment

(၁၄၄) Yai Ywal Yar Youth Development Organization

(၁၄၅) Rule of law watch group

(၁၄၆) Worker Development Organization

(၁၄၇) Light Social Development Organization

(၁၄၈) Arr Marn Thit Social Development Organization

(၁၄၉) Swam Su Ti Rural Development Organization

(၁၅၀) Golden Future Social Development Organization

(၁၅၁) Free Education Service Organization

(၁၅၂) Phyu Sin Myittar Social Development Organization

(၁၅၃) Shwe Nathar Famar Development Organization

(၁၅၄) Ayyar Pyo May Women Development Organization

(၁၅၅) Famar Agricultural Network

(၁၅၆) Yatanar Youngyi Social Development Organization

(၁၅၇) Kaung Myat Hnalonethar Health Care Organization

(၁၅၈) Htum Thit Sa Rural Development Organization

(၁၅၉) Kan Chay Arr Man Fishery Development Organization

(၁၆၀) Myit Ma Ayeyarwaddy Development Organization

(၁၆၁) Ahlin Tagar Rural Development Organization

(၁၆၂) Hope For Children Development Organization

(၁၆၃) Future Light Social Development Organization

(၁၆၄) Saytanar Shin Social Development Organization

(၁၆၅) Pan Thi Kyo LGBT Organization

(၁၆၆) LatButta Famar Union

(၁၆၇) AYY Famar Union

(၁၆၈) Doe Myae Civil Social Development Organization

(၁၆၉) Shwechinthae Social Service Group(shwebo)

(၁၇၀) Doe Myay community development organization (Twantay)

(၁၇၁) LAIN Technical Support Group

(၁၇၂) DDA - Dawei Development Association

(၁၇၃) ထားဝယ်ခရိုင် တောင်သူလယ်သမား သမဂ္ဂ

(၁၇၄) Tanintharyi MATA

(၁၇၅) ထားဝယ် သုတေသနအသင်း

(၁၇၆) Our Natural Land

(၁၇၇) Candle Light Youth Group

(၁၇၈) Myeik Lawyer Network

(၁၇၉) နိုင်ငံသစ်စွာ ဖွံ့ဖြိုးရေး ကော်မတီ

(၁၈၀) အနာဂတ် အလင်းကော်မတီ

(၁၈၁) အလင်းသစ္စာကော်မတီ

(၁၈၂) တာကပေါ် လူငယ်အဖွဲ့

(၁၈၃) တောင်သူလယ်သမားနှင့် မြေယာလုပ်သားများ သမဂ္ဂ

(၁၈၄) Network for Human Rights Documentation - Burma (ND-Burma)

(၁၈၅) Kachin Women's Association  - KWAT

(၁၈၆) Assistance Association for Political Prisoners -AAPP

(၁၈၇) Human Rights Foundation of Monland - HURFOM

(၁၈၈) Ta'ang Women's Organization-TWO

(၁၈၉) Association Human Rights Defenders and Promoters - HRDP

(၁၉၀) Future Light Center - FLC

(၁၉၁) Chin Human Rights Organization-CHRO

(၁၉၂) East Bago- Former Political Prisoners Network -EB-FPPN

(၁၉၃) Active Women Development Initiative (AWDI)